# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၆၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၃) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၄) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၃ ရက်၊

**မှူကြမ်း**

(၅) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၃ ရက်၊

(၆) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၃ ရက်၊

(၇) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၉) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၀) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၁၁) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၂) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၃) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၁ ရက်၊

(၁၅) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်နှင့်

(၁၆) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက် တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ကျောက်တော်-ပလက်ဝလမ်းနှင့် မတူပီ-ပလက်ဝလမ်းပေါ်ဆက်စပ်မည့် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)ရေလမ်းအရှည် ၁၁၀၀ ပေနှင့် ချဉ်းကပ်လမ်း ပေ ၈၀၀ စုစုပေါင်း ၁၉၀၀ ပေ ရှိမည့် သံကူကွန်ကရစ် သံပေါင်ကြိုးတံတား တည်ဆောက်ပေးစေလိုပါသဖြင့် လာမည့်ဘတ်ဂျက်နှစ် သို့မဟုတ် မည်သည့်ခုနှစ်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးရမယ့် မေးခွန်းထဲမှာဆိုရင် ကျွန်တော်တို့ ပလက်ဝ- မတူပီလမ်းဟာ လွတ်လပ်ရေးရပြီး ဖဆပလ ခေတ်ကတည်းက စတင်ဖောက်လုပ်တဲ့လမ်းဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်ပေါင်း ၆၀ ရပ်ဆိုင်းထားပြီးတော့ အခု ဒီအစိုးရသစ်လက်ထက်မှပဲ ပြီးမြောက်တဲ့အတွက် နိုင်ငံတော်အစိုးရနှင့်ဆောက်လုပ်ရေးဝန်ကြီး ဌာနကို ဒေသခံပြည်သူတွေက အထူးကျေးဇူးတင်ပါတယ်လို့ ပြောကြပါတယ်။ နောက် ကျွန်တော်တို့ သမ္မတကြီးရဲ့စိတ်စေတနာကို အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်နဲ့ဆက်သွယ်တဲ့ ကျွန်တော်တို့ ကျောက်တော်- ပလက်ဝလမ်းလည်းပြီးပါပြီ။ ဒါပေမဲ့ ရုံးစိုက်တဲ့ ကျွန်တော်တို့ပလက်ဝမြို့ဟာ ကုလားတန်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိနေလို့ ဒီလမ်းနှစ်ခုဆက်စပ်တဲ့ မြစ်ကူးတံတား လိုနေပါတယ်။ အဲဒီ ကုလားတန် မြစ်ကူးတံတားကို လာမယ့်ဘတ်ဂျက် သို့မဟုတ် မည်သည့်ခုနှစ်မှာ ဆောက်လုပ်ပေးနိုင်မလဲဆိုတာကို ပြည်သူတွေက စောင့်မျှော်နေပါတယ်။ ဒါကြောင့် ဒီလွှတ်တော်မှာ မေးမြန်းပေးပါဆိုလို့ လာမည့်

ဘတ်ဂျက် သို့မဟုတ် မည်သည့်ခုနှစ်မှာ ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိမလဲဆိုတာကို မေးမြန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပိုက်လင်းမှ မေးမြန်းထားတဲ့ ကျောက်တော်- ပလက်ဝလမ်းနှင့် မတူပီ-ပလက်ဝလမ်းပေါ်ရှိ ဆက်စပ်မယ့် ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ရေလမ်းအရှည် ၁၁၀၀ ပေနှင့်ချဉ်းကပ်လမ်း ပေ ၈၀၀ စုစုပေါင်း ၁၉၀၀ ပေရှိတဲ့ သံကူကွန်ကရစ် သံမဏိသံပေါင် ကြိုးတံတားတည်ဆောက်ပေးစေလိုသည့်မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ရှင်းလင်းတင်ပြချက်ကို ပိုမိုရှင်းလင်းစေရန်အတွက် Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ ပလက်ဝမြို့ကို ပြန်ပြီးတော့ သုံးသပ်တဲ့အခါမှာ ပလက်ဝမြို့ဟာ ချင်းပြည်နယ်ရဲ့ တောင်ဘက်အစွန်ဆုံးမှာကျတဲ့မြို့ ဖြစ်ပါတယ်။ ဒီမြို့ဟာ ကုလားတန်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့မြို့ဖြစ်တာကြောင့် ကားလမ်းအဆက်အသွယ်မရှိဘဲနဲ့ ဒီကုလားတန်မြစ် ရေလမ်းကြောင်းတစ်ခုတည်းကိုပဲ သွားလာနေရတဲ့၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့တစ်ခုဖြစ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ဒီလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်အတွက် ချင်းပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ ပလက်ဝ- မတူပီလမ်း၊ ပလက်ဝ-ကျောက်တော်လမ်းစတာတွေကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့လမ်းတွေဖြစ်ပါတယ်။ ဒီ့နောက်မှာလည်းပဲ ကျွန်တော်တို့ ဒီဘက်ကနေပြီးတော့ ပလက်ဝကနေ ဒီနေရာကို ကျွန်တော်တို့ လမ်းလည်းဖောက်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းတွေဖောက်ပြီးတဲ့အခါမှာတော့ ဒီကုလားတန်မြစ်ကိုဖြတ်ကူးဖို့ တံတားတစ်စင်းဟာ အမှန်တကယ်ပဲ လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးက တံတားဆောက်ဖို့

တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒီတံတားကို ကျွန်တော်တို့ တည်ဆောက်တဲ့အခါမှာလည်း ကျွန်တော်တို့ နေရာရွေးချယ်တဲ့နေရာမှာ ဒီပလက်ဝမြို့နားမှာ မရွေးချယ်ဘဲနဲ့ ဒီနေရာကိုရွေးချယ်ရတဲ့အကြောင်း ရင်းကတော့ ဒီအကြောကြီးက ဒါ ကျောက်တောင်ကြောကြီးတွေဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကျောက် တောင်ကြော ဒီနှစ်ဖက်ကို လမ်းဖောက်ဖို့ခက်တဲ့အတွက် လမ်းမူလကဖောက်ပြီးသားဖြစ်တဲ့နေရာမှာပဲ ကျွန်တော်တို့က ဒီတံတားကိုရွေးချယ်ရခြင်းဖြစ်ပါတယ်။ ဒီတံတားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အနေနဲ့ ပဏာမလေ့လာတဲ့အစီရင်ခံစာကို ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့ တံတားရဲ့အရှည်ဟာ ပေ ၁၂၀၀ ပေရရှိတာဖြစ်ပါတယ်။ ဒီတံတားကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ဒီတံတားရဲ့ရေလမ်းကင်းလွတ်အကျယ်ကို ကျွန်တော်တို့ ပေ ၂၀၀ လောက်ရရှိအောင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် သံပေါင် ၂၄၀ အကျယ်ရှိတဲ့ သံပေါင်နှစ်ခုထက် ဒီတံတားရဲ့ရေလမ်းကင်းလွတ်အကျယ် clear span ဟာ ပေ ၂၀၀ ရရှိသွားမှာဖြစ်ပါတယ်။ ဒီ့အပြင် ရေလမ်းကင်းလွတ်အမြင့်ဖြစ်တဲ့ ကျွန်တော်တို့အခေါ်တော့ Free boat လို့ခေါ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ပေ ၅၀ အထိထားရှိမှာဖြစ်ပါတယ်။ ဘာ့ကြောင့် ပေ ၅၀ အထိထားရှိရသလဲဆိုရင် ဒီ့ရှေ့မှာ ကျောက်တော်နားမှာရှိတဲ့ ကစ္ဆပနဒီတံတားဟာလည်းပဲ ပေ ၅၀ ထားတာဖြစ်ပါတယ်။ ဒီ ကုလားတန်မြစ်အတိုင်း ကျွန်တော်တို့ လာရောက်တဲ့အခါမှာ သင်္ဘောတွေဟာ မတူပီမြစ်ရဲ့တစ်ဖက် ကမ်းမှာ ဆိပ်ကမ်းရှိပါတယ်။ ဒါကိုလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီ Free boat ကိုလည်း ပေ ၅၀ ရရှိအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့ ဒါနဲ့ပတ်သက်ပြီးတော့ အသေးစိတ်တွက်ချက်မှုများ၊ ပုံစံရေးဆွဲခြင်းများ၊ ခန့်မှန်းခြေ စာရင်းများတွက်ချက်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဒုတိယ ၅ နှစ်စီမံကိန်းဖြစ်တဲ့ စီမံကိန်းကာလ အတွင်းမှာ ပထမနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့ကို တင်ပြပြီးတော့ ဒီတံတားကြီးကို ဆောက်လုပ်ပေးမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ အ.ထ.က(ခွဲ)တွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး နှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ အခြေခံပညာ အ.ထ.က(ခွဲ)ကျောင်းဝင်းအတွင်း ကျောင်းဆောင် သစ်ထပ်မံတိုးချဲ့တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက် ၍ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်း အတွင်း ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ဆောက်ပေးနိုင်ရန် သက်ဆိုင်ရာပညာရေးဌာနအဆင့်ဆင့်သို့ လွန်ခဲ့တဲ့ ၅-၈-၂၀၁၄ ရက်နေ့တွင် လိုအပ်ချက်ပုံစံအပြည့်အစုံဖြင့် တင်ပြလျှောက်ထားခဲ့ဖူးပါသည်။ သို့သော်ငြားလည်း အခုအချိန်ထိ မည်သို့မျှ ပြန်လည်အကြောင်းပြန်ခြင်းမရှိသည့်အလျောက် ကျောင်း သားကျောင်းသူဦးရေမှာလည်း လက်ရှိကျောင်းအဆောက်အအုံနှင့် လုံးဝအခြေအနေမကိုက်ညီတော့ဘဲ လာမည့်စာသင်နှစ်တွင် လုံးဝအခြေအနေမပေးနိုင်သဖြင့် လာမည့် ၂၀၁၆-၂၀၁၇ နှစ် သင့်တော်မည့် အချိန် နောက်ထပ် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် မဖြစ်မနေလိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ပြည်သူများအတွက် သိရှိလိုကြောင်းမေးခွန်းတစ်ရပ် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သ ဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ ဇော်မင်းအောင်က မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းအောင်ရဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲမှာ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည် ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ် ရှိတဲ့အခြေအနေ၊ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီအောင်လည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယား ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် အခြေခံပညာကျောင်းငါးကျောင်း အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် ၂၅၃.၈ သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ထုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားအရ ခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်တွင် ပါဝင်ခြင်းမရှိတဲ့ စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများ၊ ဥပမိရပ်မကောင်းတဲ့ကျောင်းများနှင့် ထပ်မံတိုးလာတဲ့ကျောင်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ် အောက်မှာ မြို့နယ်ဦးစားပေးအစီအစဉ်အရ ကျောင်းအလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါ တယ်။ ယခု ကိုယ်စားလှယ်ကြီးတင်ပြတဲ့ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ အခြေခံပညာအထက် တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို အချိန်မီပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကိုကြီး( အောင်မြေသာစံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမကြီးကို ကြွရောက်လာကြတဲ့ အားလုံးသော ဧည့်သည်များအား မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေးဦးစွာ ဆုတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသမှာရှိတဲ့ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို အချိန်မီပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင် ရန် အစီအစဉ်ရှိ/မရှိဆိုတာနှင့် ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ ဤသမိုင်းဝင် ကြက်ထောင့် ကန်ကြီးကို အချိန်မီပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိပါက ဒေသအတွင်းမှာရှိတဲ့ သမိုင်းဝင်အမွေအနှစ် တစ်ခု ပျက်စီးဆုံးရှုံးပျောက်ကွယ်သွားနိုင်ပါ၍ စစ်ကိုင်းတောင်ရိုးနှင့် မင်းကွန်းတောင်ရိုးမှာ သတင်း သုံးမွှေ့လျော်ကြသော ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒအရ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဤကြက်ထောင့်ကန်ကြီးကို ခရစ်သက္ကရာဇ် ၁၈၁၇ ခုနှစ် ဘိုးတော်ဘုရားကိုယ်တိုင် တည်ဆောက်ခဲ့ပြီး သက်တမ်း ၂၀၀ ခန့်ရှိခဲ့ပြီ ဖြစ်ပါတယ်။ တည်ဆောက်စဉ်က ကန်ဘောင်ရိုးတံတိုင်း၊ မုခ်တိုင်၊ ကျောက်လှေကားများ ထည့်သွင်းတည်ဆောက်ပြီး အကျယ်အားဖြင့် ပေ ၄၂၀ ပတ်လည်၊ အနက် ၃၁ ပေ ကျော်ရှိကြောင်း သိရပါတယ်။ စစ်ကိုင်းမင်းကွန်းကားလမ်းဘေး ကျွန်တော်တို့ ကြက်ထောင့်ရွာရဲ့အနောက်ဘက်ကပ်လျက်မှာ ရှိပါတယ်။

မင်းကွန်းပုထိုးတော်ကြီးသွားသည့် ပြည်တွင်းပြည်ပခရီးသည်များဟာ ဤကန်တော်ကြီးရဲ့ဘေး ကနေကပ်ပြီးတော့ ကျော်သွားရပါတယ်။ ရှေးဟောင်းသမိုင်းဝင်ကန်တော်ကြီးဟု လူတိုင်းက မသိကြပါ ဘူး။ ဤကန်တော်ကြီးဟာ မင်းကွန်းဒေသ၏ ကြီးငါးကြီးမှာ အပါအဝင်တစ်ခုဖြစ်ပါတယ်။ မင်းကွန်း ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ကန်တော်ကြီးနှင့် မင်းကွန်းတိပိဋကဓရတော် ဆရာတော်ကြီးစသည့် အံ့ဖွယ်ကြီးငါးကြီးတွင် ပါဝင်နေတဲ့ အထင်ကရကန်တော်ကြီး ဖြစ်ပါတယ်။ ဒီကန်တော်ကြီးက ယခုအခါ ရှေးဟောင်းလက်ရာကန်ဘောင်ရိုး၊ တံတိုင်း၊ မုခ်တိုင်၊ ရှေးကျောက် လှေကားများ၏ အချို့ နေရာများမှာ ကွဲအက်ပျက်စီးစပြုနေတာ ဖြစ်ပါတယ်။ ချုံနွယ်၊ ပိတ်ပေါင်းများ

ဖုံးအုပ်နေပြီး မြွေဆိုး၊ မြွေဟောက်နှင့် ဖွတ်၊ ပဒက်များ ခိုအောင်းရာ ဒေသကြီးဖြစ်နေပါတယ်။ နွားများ ဝင်ရောက်ဆင်းသက် ပြီး နွားစားကျက်သဘောပင် ဖြစ်နေပါတယ်။ မင်းကွန်းရေဝေတောင်တန်းမှ ရေဝင်လမ်းကြောင်းများလည်း ပိတ်ဆို့နေပြီး ရေဝင်နည်းတဲ့အတွက်ကြောင့် မှော်များရေညှိများနှင့် နောက်ကျိ ညစ်ပတ်နေပြီးတော့ ညစ်ပတ်တဲ့ရေအနည်းငယ်သာ ရှိနေပါတယ်။ အထက်ပါ ပြုပြင်စရာ များကို ပြုပြင်လိုက်ရုံဖြင့်ပင် သမိုင်းဝင် ဤကြက်ထောင့်ကန်ကြီးဟာ ကြာမျိုးငါးပါးနှင့် ပြည့်စုံတဲ့ ရေပြည့်ကန်ကြီးအဖြစ် မြင်ရမည်ဖြစ်၍ မြန်မာတို့၏ရှေးဟောင်းဗိသုကာလက်ရာများကို ပြန်လည် လေ့လာလျှင် အသြဘနန်း၊ ရှေးသမိုင်းဝင်အမွေအနှစ်များကို မြန်မာကရော၊ ကမ္ဘာကပါလာရောက် လေ့လာနိုင်သော နေရာကြီး တစ်ခုဖြစ်လာနိုင်ပါတယ်။ အထက်ပါအကြောင်းအရာတို့ကြောင့် ဤသမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြန်ဆုံးပြန်လည်ပြုပြင် နိုင်ရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး မေးမြန်း သည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးဟာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ၁၉၇၂ ခုနှစ် ဇယားဝင်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံများမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဤကန်တော်ကြီးဟာ မင်းကွန်း ဒေသရဲ့ ကြီးငါးကြီးအဆောက်အဦစာရင်းမှာ ပါဝင်တယ်ဆိုတာလည်း သိပါတယ်။ ကန်ဘောင်ရိုး ပရဝုဏ်တံတိုင်း၊ မုခ်တိုင်၊ အတွင်းကန်ပတ်လမ်း၊ ရေကန်ဆလံလျှောနံရံများနှင့် ကန်ဆင်းလှေကား များပါရှိပြီး ၎င်းတို့ကို သဲကျောက်များဖြင့် ပုံဖော်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ကြက်ထောင့်

ကန်တော်ကြီး၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်လက်ရာတန်ဖိုးများကြောင့် ယိုယွင်းပျက်စီးမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေအလုံးအရင်း၊ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၆၈ သိန်းနဲ့ သစ်ငုတ်များတူးဖော်ခြင်း၊ သဲကျောက်များအစားထိုးခြင်း၊ ကြားသိပ်ခြင်းစသည့် ကြံ့ခိုင်အောင် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းဘဏ္ဍာရေးနှစ်နောက်ပိုင်းတွေမှာ ရန်ပုံငွေရရှိခြင်းမရှိတဲ့အတွက် နှစ်စဉ်ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်း၊ ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိမှု မရှိခြင်းတို့ကြောင့် ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကြက်ထောင့်ကန်တော်ကြီးထိန်းသိမ်းရန် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းပါခင်ဗျာ။ ဒေသခံကျေးရွာလူထုများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ကန်တော်ကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ သဲကျောက်စီလက်ရာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရေကန်အတွင်းရှိအမှိုက်၊ မှော်များဆယ်ယူရေး၊ ရေဝင်လမ်းကြောင်းများ ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် ပူးပေါင်းကူညီ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရေရှည်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ကြီးကြပ်ပြီးတော့ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ အမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို Tourist Attraction အဖြစ် ပြုပြင်ထိန်းသိမ်းလိုခြင်းရှိ/မရှိ နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြန်ကြားပေးပါရန် မေးမြန်းခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြက်ထောင့်ကန်တော်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများဖြင့် လျာထားဆောင်ရွက်လိုပါသဖြင့် ပြုပြင်ထိန်းသိမ်းခွင့်ပြုပေးနိုင်ပါရန် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ညှိနှိုင်းပြန်ကြားလာပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို Tourist Attraction အဖြစ် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက သဘောတူပါကြောင်း။ ထိုသို့ဆောင်ရွက်ရာမှာလည်း ယဉ်ကျေး

မှုဝန်ကြီးဌာန၊ ရွှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းရေးလုပ်ငန်း ကျွမ်းကျင်သည့်ဝန်ထမ်းများဖြင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ကျေးရွာများကို ရပ်ကွက်အဖြစ် သိမ်းယူခဲ့ရာ ကျေးရွာ များ ပြောင်းရွှေ့ချိန်နှင့် ရပ်ကွက်အဖြစ် သတ်မှတ်ချိန်တွင် ဒေသခံတောင်သူများ၏ အိမ်ဝိုင်းမြေကွက် များအား အစားထိုးပြန်လည်ပေးအပ်ခြင်းရှိပါသလားနှင့် အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုခွဲမဟုတ်သူအချို့မှာ ပေ ၁၀၀ ပတ်လည်မြေကွက်များ အဘယ်ကြောင့်ရရှိခဲ့ပါသနည်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မ ယနေ့ မေးမြန်းမှာကတော့ ဇမ္ဗူသီရိမြို့နယ်မှာရှိတဲ့ ပြည်သူတွေက သိလိုတဲ့အကြောင်းတစ်ခုဖြစ်တဲ့ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စု တွေကို အိမ်ဝိုင်းမြေကွက်များ ပြန်လည်ချထားပေးရန် အစီအစဉ်ရှိ/မရှိကို အဓိကမေးမြန်းလိုခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့ နယ်၊ သပြေကုန်းရပ်ကွက်ဆိုတာကို ၂၀၀၄ ခုနှစ်မှစပြီး ရပ်ကွက်အဖြစ် စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ လိုရပ်ကွက်အဖြစ် ဖွဲ့စည်းခဲ့ရာမှာ မူလ ကြက်ပြေးကျေးရွာ၊ ကြံဖုတ်ကုန်ကျေးရွာ၊ ဝွေးလည်ကြီးကျေးရွာ၊ ကျောက်စောင်းအိုင်၊ လမ်းသပြေကုန်းရွာ၊ ဆည်မြောင်းနှင့် လှေစပ်ပြင်ကျေးရွာတွေမှ ဒေသခံ အိမ်ထောင်စုတွေကို မိမိဝိုင်းကွက် မည်မျှအကျယ်ပဲရှိရှိ အိမ်ထောင်စုတစ်ခုလျှင် ပေ ၆၀ ပတ်လည် ဝိုင်းကွက်များသာ သတ်မှတ်ပြီးပြန်လည်ချထားပေးခဲ့ပါတယ်။ ထိုသို့ရွာမြေတွေကို သိမ်းဆည်းရာမှာ မူလ စတုရန်းပေ ၁၆၀ ပတ်လည်အကျယ်ရှိတဲ့ မြေကွက်ပိုင်ရှင်တွေကို ပေ ၆၀ ပတ်လည် တစ်ကွက် အစားထိုးပြန်လည်ပေးအပ်ပြီးတော့ အတူနေထိုင်တဲ့ အိုးခွဲ၊ အိမ်ခွဲ သားသမီးများအတွက်လည်း ဝိုင်းမြေကွက်များ အစားထိုးပေးပါ့မယ်လို့ ခရက(၄) ဗိုလ်မှူးကြည်သိန်းနှင့်တကွ နေပြည်တော် အိုးအိမ်မြေယာဌာနကအရာရှိတွေက နှုတ်ကတိပေးခဲ့တာကို ကျေးရွာသားတွေက ယနေ့ထက်တိုင် ယုံကြည်ပြီးတော့ စောင့်မျှော်လျက်ရှိပါတယ်။ သို့သော် ဝိုင်းမြေကွက်တွေ သိမ်းဆည်းခံရတဲ့ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုတွေဟာ ယနေ့ထက်တိုင် အစားထိုးမြေကွက်တွေမရရှိသေးသော်လည်း ဒေသခံ လည်းမဟုတ်၊ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုဝင်တွေလည်းမဟုတ်တဲ့ အနယ်နယ်အရပ်ရပ်က တချို့သော ပုဂ္ဂိုလ်တွေက သပြေကုန်းရပ်ကွက်တွေ၊ ရွှေကြာပင်ရပ်ကွက်တွေမှာ အကွက်တွေဖော်ပြီးတဲ့အခါကျ

တော့ အချက်ကျတဲ့လမ်းမကြီးတွေရဲ့ဘေးနေရာမှာလည်းကောင်း၊ ထောင့်ကွက်တွေမှာလည်းကောင်း၊ ပေ ၁၀၀ ပတ်လည်မြေကွက်ဝိုင်းတွေကို အသီးသီးရယူထားပြီးဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျေးရွာတွေပြောင်းရွှေ့ချိန်မှာလည်းကောင်း၊ ရပ်ကွက်အဖြစ် သတ်မှတ်ချိန်မှာလည်းကောင်း၊ ဒေသခံတောင်သူတွေရဲ့ သားသမီးများ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုတွေကို ဝိုင်းမြေကွက်တွေ အစားထိုးပြန်လည်ပေးအပ်မယ်လို့ ကတိပေးခဲ့ပါသလား။ ကတိပေးခဲ့သည်ရှိသော် မည်သည့်အတွက်ကြောင့် တချို့အိုးခွဲ၊ အိမ်ခွဲတွေကိုတော့ ပေးပြီးတော့ တချို့သောသူတွေကတော့ ချန်လှပ်ထားခဲ့ပါသလဲ။ (၃) ထိုအချိန်က ချန်လှပ်ထားခဲ့သူတွေကို ဝိုင်းမြေကွက်တွေ အစားပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိပါသလား။ (၄) ဒေသခံလည်းမဟုတ်၊ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုဝင်တွေလည်းမဟုတ်တဲ့ အချို့သူတွေဟာ ပေ ၁၀၀ ပတ်လည်မြေကွက်တွေကို အဘယ်အတွက်ရရှိခဲ့ပါသလဲ။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖုန်းဇော်ဟန်(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန် ဖြစ်ပါတယ်။ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း ကနေပြီးတော့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်မှာရှိတဲ့ကျေးရွာများကို ၂၀၀၉ ခုနှစ်ကစတင်ပြီး ရပ်ကွက်အဖြစ်သိမ်းယူခဲ့ရာ ကျေးရွာများ ပြောင်းရွှေ့ချိန်နှင့် ၎င်းရပ်ကွက်အဖြစ် သတ်မှတ်ချိန်မှာ ဒေသခံတောင်သူများရဲ့ သားသမီးများ၊ အိုးခွဲ၊ အိမ်ခွဲ၊ အိမ်ထောင်စုများအား အိမ်ဝိုင်းမြေကွက်များ အစားထိုးပေးအပ်ခြင်းရှိပါသလားဆိုတဲ့တစ်ချက်၊ နောက် ကတိပြုခဲ့သည်ရှိသော် မည်သည့်အတွက်ကြောင့် အချို့အိုးခွဲ၊ အိမ်ခွဲများအားပေးပြီး အချို့သူများကို ချန်လှပ်ထားခဲ့ပါသလဲဆိုတာ တစ်ချက်၊ နောက် ထိုအချိန်က ချန်လှပ်ထားခဲ့သူများကို အိမ်ဝိုင်း၊ ခြံဝိုင်းများ အစားထိုးပြန်လည်ချထားပေးရန် အစီအစဉ်ရှိပါသလားဆိုတဲ့တစ်ချက်နှင့် ဒေသခံလည်းမဟုတ်၊ အိုးခွဲ၊ အိမ်ခွဲ အိမ်ထောင်စုခွဲလည်း မဟုတ်တဲ့ အချို့သူများဟာ ပေ ၁၀၀ ပတ်လည်မြေကွက်များကို ဘယ်အတွက်ရရှိပါသလဲ ဆိုတဲ့မေးခွန်း

နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်တည်ထောင်ချိန်မှာ နေပြည်တော်တည်ဆောက်ရေး စီမံကိန်းနှင့်မလွတ်ကင်းတဲ့ကျေးရွာများကို ၂၀၀၉ ခုနှစ်ကစတင်ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ မြို့ပြစီမံကိန်းအရ အသစ်ဖော်ထုတ်တဲ့ရပ်ကွက်များကို ပြောင်းရွှေ့နေရာချထားပေးရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုရွှေ့ပြောင်းပေးတဲ့အခါမှာ ရွှေ့ပြောင်းနေရာချထားရေးအဖွဲ့ကနေပြီးတော့ ရွှေ့ပြောင်းမည့်ကျေးရွာများအတွင်းမှာရှိတဲ့ အိမ်ပိုင်၊ ခြံပိုင်နဲ့နေထိုင်တဲ့ဒေသခံများကို စနစ်တကျ စာရင်းကောက်ယူပြီး အစားထိုးမြေကွက်များ နေရာချထားပေးခဲ့ပါတယ်။ ဒီလိုကျေးရွာရွှေ့ပြောင်းဖို့ စာရင်းကောက်ယူချိန်မှာ မိဘရဲ့ဝိုင်းခြံမြေအတွင်းမှာ နေအိမ်ဆောက်လုပ်နေထိုင်တဲ့ အိုးခွဲ၊ အိမ်ခွဲများကို လူမှုရေးအရ ကူညီထောက်ပံ့တဲ့အနေနဲ့ နေထိုင်မှုအဆင်ပြေစေရန်အတွက် ဇမ္ဗူသီရိမြို့အတွင်း အသစ်ဖော်ထုတ်တဲ့ရပ်ကွက်များမှာ မြေကွက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ခွင့်ပြုချက်အရ ယာယီအစီအစဉ်ဖြင့် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

ဒီလိုရွှေ့ပြောင်းရန် စာရင်းကောက်ယူချိန်မှာ မိဘရဲ့နေအိမ်မှာ အတူနေထိုင်တဲ့ အိုးခွဲများ၊ အခြားဒေသကိုသွားရောက်နေထိုင်လျက်ရှိရာမှ ရွှေ့ပြောင်းမည့်ကျေးရွာရှိ မိဘဆွေမျိုးများရဲ့ ဝိုင်းခြံမြေအတွင်း လာရောက်နေထိုင်ဆောက်လုပ်နေထိုင်တဲ့ အိမ်ထောင်စုများကို ကျေးရွာပြောင်းရွှေ့ရေးအတွက် စာရင်းများကောက်ယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှ အချို့ အိမ်ထောင်ကျအိုးခွဲများဟာ၊ အိမ်ထောင်စုများဟာ ကျေးရွာရွှေ့ပြောင်း စာရင်းကောက်ယူစစ်ဆေးပြီးနောက်ပိုင်းမှ မြေကွက်ရလိုတဲ့ ဆန္ဒဇောနဲ့ ကျေးရွာမှာရှိတဲ့ မူလရှိတဲ့ အိမ်ခြေစာရင်းထက် အိုးခွဲ၊ အိမ်ခွဲများ ပိုမိုတိုးပွားလာအောင် တရားမဝင် ဆောင်ရွက်လာမှုများကြောင့် မြေကွက်နေရာချထားရန် စီစဉ်ဆောင်ရွက်မှုများကို ရပ်ဆိုင်းထားခဲ့ရခြင်းဖြစ်ပါတယ်။

ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် လေးချက်ကို ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ကျေးရွာများရွှေ့ပြောင်းရာမှာ ပြောင်းရွှေ့မယ့်ကျေးရွာများအတွင်း အိမ်ပိုင်၊ ခြံပိုင်နဲ့နေထိုင်တဲ့ဒေသခံများကို အစားထိုးမြေကွက်များ ချထားပေးခဲ့ပါတယ်။ ဒီ့အပြင်မှာ မိဘရဲ့ဝိုင်းခြံမြေအတွင်း နေအိမ်ဆောက်လုပ်နေထိုင်တဲ့ အိုးခွဲ၊ အိမ်ခွဲများကို လူမှုရေးအရ ကူညီထောက်ပံ့တဲ့အနေနဲ့ နေထိုင်မှုအဆင်ပြေရန်အတွက် ဇမ္ဗူသီရိမြို့နယ်အတွင်း အသစ်ဖော်ထုတ်တဲ့ရပ်ကွက်များမှာ မြေကွက်များကို နိုင်ငံတော်အေးချမ်း

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ယာယီအစီအစဉ်ဖြင့် ခွင့်ပြုပေးခဲ့ခြင်းသာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျေးရွာရွှေ့ပြောင်းရန် စာရင်းကောက်ယူစဉ်မှာ မိဘရဲ့နေအိမ်မှာ အတူနေထိုင်တဲ့ အိုးခွဲ၊ အိမ်ထောင်စုများ စာရင်းကောက်ယူပြီးတဲ့နောက်ပိုင်းမှ မိဘဆွေမျိုးများရဲ့ အိမ်ခြံမြေအတွင်း နေအိမ်အသစ်ဆောက်လုပ်နေထိုင်သူများ၊ အခြားမြို့ ရွာ၊ ကျေးရွာများမှပြန်လာပြီး နေအိမ်ဆောက်လုပ်သူများနှင့် အိမ်ထောင်ပြုအိမ်ခွဲသူများအတွက်တော့ မြေကွက်နေရာချထားပေးခဲ့ခြင်းမရှိကြောင်း ရှင်းလင်းအပ်ပါတယ်။

ဒီလို ကျေးရွာများရွှေ့ပြောင်းရာမှာ အိုးခွဲ၊ အိမ်ခွဲများကို လူမှုရေးအရ ထောက်ပံ့သည့်အနေနဲ့ နေထိုင်မှုအဆင်ပြေစေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ယာယီအစီအစဉ်နဲ့ ခွင့်ပြုခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာ မြေကွက်ရလိုတဲ့ဆန္ဒဇောဖြင့် ကျေးရွာများမှာ မူလရှိတဲ့အိမ်ခြေစာရင်းထက် အိုးခွဲ၊ အိမ်ခွဲများ ပိုမိုပွားများလာအောင် တရားမဝင်ဆောင်ရွက်လာမှုများကြောင့် ရွှေ့ပြောင်းတဲ့ကျေးရွာများမှာရှိတဲ့ အိုးခွဲ၊ အိမ်ခွဲများကို မြေကွက်ထပ်မံချထားပေးခဲ့ခြင်းမရှိကြောင်း ရှင်းလင်းအပ်ပါတယ်။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ကို မြို့ပြစီမံကိန်းနှင့်အညီ မြို့ပြဖွံ့စည်းတည်ဆောက်ရာမှာ မူလနေထိုင်သူဒေသခံများကို စုစည်းနေရာချထားမှုများအပြင် နေပြည်တော်မှာ အခြေချနေထိုင်နိုင်ဖို့အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့်များကို သင့်တော်တဲ့စျေးနှုန်းများ သတ်မှတ်ပြီး ပေ ၁၀၀ ပတ်လည်မြေကွက်များ ချထားပေးခဲ့ပါတယ်။ ထို့အပြင် ပုဂ္ဂလိကကိုလည်း မြေကွက်အမျိုးအစားအလိုက် သင့်တော်တဲ့စျေးနှုန်းများသတ်မှတ်ပြီး ရောင်းချပေးခဲ့ခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟုမ္မလင်းမြို့ပေါ်တွင် ဝိဇ္ဇာသိပ္ပံကောလိပ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်အထက်ပိုင်းမှာတည်ရှိတဲ့ ဟုမ္မလင်း၊ ဖောင်းပြင်၊ ခန္တီးနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဒေသခံပြည်သူအများစုဟာ ကဏ္ဍစုံမှာ အလွန်နောက်ကျကျန်ရစ်နေပါတယ်။ ယခုအစိုးရ

လက်ထက်မှာ အနည်းငယ်တိုးတက်လာပေမယ်လို့ လိုအပ်ချက်တွေ များစွာရှိနေပါသေးတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အထူးတင်ပြလိုတာက ဟုမ္မလင်းမြို့နယ်လူဦးရေဟာ ပြောင်းရွှေ့လူဦးရေအပါအဝင် ၂၃၀၀၀၀ ကျော်မျှ နေထိုင်လျက်ရှိပါတယ်။ ခြောက်မြို့နယ်ဆိုပါက ခြောက်သိန်းခန့်ရှိပါတယ်။ ဒီဒေသကနေ နှစ်စဉ် တက္ကသိုလ်ဝင်တန်း ပျမ်းမျှ ၁၀၀၀ ခန့်အောင်မြင်ပါတယ်။ အောင်ချက်ရာခိုင်နှုန်းနည်းပါတယ်။ ဒါ့ထက်ကြိုးစားသင်ယူကြလျှင် ဆရာဆရာမ ပြည့်စုံခဲ့လျှင် ၁၀ တန်းအောင်မြင်မှုများဟာ တိုးတက်လာမှာဖြစ်ပါတယ်။ အောင်မြင်တဲ့ကျောင်းသားကျောင်းသူတွေဟာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေမှာ ၅၈၃ ဦး၊ အသက်မွေးဝမ်းကြောင်းတက္ကသိုလ်မှာ ၃၉၀ ဦး၊ နတလလက်အောက်ခံကျောင်းတွေမှာ ၃၃၀ ဦး၊ အဝေးသင်တက္ကသိုလ်မှာတက်နေတဲ့သူက ၁၈၆၅ ဦး ယခုစာသင်နှစ်မှာ သင်ကြားခဲ့ပါတယ်။ ဘယ်တက္ကသိုလ်မှမတက်နိုင်တဲ့ ဆင်းရဲချို့တဲ့တဲ့ကျောင်းသားကျောင်းသူများဟာလည်း အများအပြားကျန်ရစ်နေခဲ့ပါတယ်။ တချို့ဆင်းရဲတဲ့ကလေးတွေဟာ ရွှေမျှောတွေမှာ ဝင်လုပ်ပြီးတော့ မလိုလားအပ်တဲ့ မူးယစ်ဆေးဝါးစွဲတာတို့နှင့် ဘဝပျက်သွားခဲ့ကြတဲ့ကလေးတွေလည်း အမြောက်အမြားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီ ခြောက်မြို့နယ်မှာ ဗဟိုကျတဲ့ အခြားမြို့များထက် လိုအပ်တဲ့အချက်တွေကို ကူညီပေးနိုင်တဲ့မြို့ဖြစ်တဲ့အတွက် ဟုမ္မလင်းမြို့ပေါ်မှာ ဝိဇ္ဇာသိပ္ပံကောလိပ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ဒီမေးခွန်းကို ပထမအကြိမ် ပထမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ဖူးပါတယ်။ ပညာရေးဝန်ကြီးဌာနက အစီအစဉ်မရှိသေးပါလို့ ပြန်ဖြေခဲ့ပါတယ်။ ယနေ့ကာလမှာတော့ အစိုးရအနေနဲ့ စီးပွားရေးအထိုက်အလျောက်ပြေလည်လာပြီဖြစ်လို့ ဒီဝိဇ္ဇာသိပ္ပံကောလိပ်ရရှိရေးကို ထပ်မံမေးမြန်းခြင်းဖြစ်ပါတယ်။ ဖွင့်လှစ်ခွင့်ပြုပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအေးရဲ့ ဟုမ္မလင်းမြို့ပေါ်မှာ ဝိဇ္ဇာသိပ္ပံကောလိပ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်း

အား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မုံရွာတက္ကသိုလ်မှာ ခန္တီးခရိုင်နှင့် မော်လိုက်ခရိုင်ထဲမှာရှိတဲ့ မြို့နယ်အလိုက် နေ့သင်တန်းတက်ရောက်သင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူများကို စိစစ်ကြည့်တဲ့အခါမှာ ခန္တီးမြို့နယ်မှ ၉၂ ဦး၊ ဟုမ္မလင်းမြို့နယ်မှ ၃၇၅ ဦး၊ လေရှီးမြို့ နယ်မှသုံးဦး၊ လဟယ်မြို့နယ်မှသုံးဦး၊ နန်းယွန်းမြို့နယ်မှတော့ တက်ရောက်သူမရှိပါဘူး။ မော်လိုက်မြို့ နယ်မှ ၁၆၀ ဦး၊ ဖောင်းပြင်မြို့နယ်မှ ၂၂၀ ဦး စုစုပေါင်း ၈၅၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကောလိပ်တစ်ခုဖွင့်လှစ်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအရ ခွင့်ပြုတဲ့ ကျောင်းသားကျောင်းသူ အနည်းဆုံးဝင်ဆံ့အင်အား ၂၀၀၀ ရှိရမည့်အပြင် အဆောက်အအုံ၊ မြေနေရာ၊ သင်ကြားပို့ချတဲ့ ဆရာဆရာမအင်အား၊ ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းသုံး ပရိဘောဂပစ္စည်းများဖြည့်ဆည်းပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသူ ကျောင်းသားဝင်ဆံ့အင်အား ပြည့်မီတဲ့အခါမှာလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တက္ကသိုလ်များစုစည်းမှုအစီအမံ ရေးဆွဲချိန်မှာလည်းကောင်း ဟုမ္မလင်းမြို့မှာ ဝိဇ္ဇာ/သိပ္ပံကောလိပ် တစ်ခုဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၅-၂၀၁၆ ပညာရေးနှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးအောင်သွင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်သွင်စိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် လေ-၂၆၄၈ ဗိုလ်မှူး အောင်သွင်စိုး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာအုပ်စု ၊ အင်းကန်ကျေးရွာ အခြေခံပညာ

အထက်တန်းကျောင်းခွဲသည် ပျဉ်းမနား-ကျေးနီရထားလမ်းပိုင်းပေါ်မှာ တည်ရှိပြီးတော့ နတ်မောက်မြို့နယ်မှ ၂၆ မိုင်၊ကျောက်ပန်တောင်းမြို့မှ ၁၇ မိုင်နဲ့ အနီးစပ်ဆုံးရွှေပန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တောင်ကျောခြား၍ ၁၅ မိုင် အကွာမှာတည်ရှိပါတယ်။ ကျောင်းအကျယ်အဝန်း ၁၀.၀၅ ဧက၊ လက်ရှိကျောင်းအဆောက်အအုံ လေးလုံး၊ စာသင်ခန်း ၁၈ ခန်း၊ ကျောင်းသားကျောင်းသူ ၄၂၇ ဦး၊ ဆရာဆရာမဝန်ထမ်း ၂၅ ဦးတို့ဖြင့် သင်ကြားပို့ချလျက်ရှိပါတယ်။ အထက်တန်းကျောင်းခွဲအဆင့်ဟာ ၁၉၉၇ ခုနှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့သဖြင့် ၁၈ နှစ်ကြာခဲ့ပြီ ဖြစ်ပါတယ်။ အင်းကန်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၂၀ ရွာ၊ အိမ်ထောင်စု ၃၅၂၀ ခန့်၊ လူဦးရေ ၁၇၀၀၀ ခန့်ရှိပါတယ်။ အထက်တန်ကျောင်းဆင့်တိုးမြှင့်ရရှိပါက ငွေကြေးမပြည့်စုံတဲ့ ကျောင်းသားကျောင်းသူများအပြင် အင်းကန်ကျေးရွာအနီးရှိ အ.လ.က(ခွဲ) ဆင်သေကန်ရွာကျောင်းသားကျောင်းသူ ၁၈၄ ဦး၊ ရှမ်းကုန်းရွာ(မူလွန်)ကျောင်းသားကျောင်းသူ ၂၅ ဦး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှစ်ကျောင်းကျောင်းသားကျောင်းသူ ၁၂၁ ဦးတို့အပါအဝင် ပတ်ဝန်းကျင်ရွာပေါင်း ၂၀ မှ မူလတန်း၊ အလယ်တန်းအောင် ကျောင်းသားကျောင်းသူများပါ အဆင်ပြေပြေပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။ သွားရေးလာရေးခက်ခဲသဖြင့် ငွေကြေးပြည်စုံတဲ့ကျောင်းသားကျောင်းသူများသာ မြို့ပေါ်ကျောင်းသို့သွားရောက်ပညာသင်ကြားနိုင်ပါတယ်။ ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားပါမှ လူမှုစီးပွားရေးဘဝမြင့်မားပြီး ပြည်ဆင်းရဲမှုလျော့နည်းမှာဖြစ်ခြင်းကြောင့် အထက်တန်းကျောင်းအဆင့်တိုးမြှင့်နိုင်ရေးအတွက် ကျောင်းသားမိဘ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက်တန်ကျောင်းဖြစ်မြောက်ရေးကော်မတီ၊ ကျောင်းအုပ်ဆရာကြီးတို့၏ ထောက်ခံတင်ပြမှုတို့ဖြင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံသို့ အထောက်အထား၊ အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြခဲ့ရာ ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး၊ ပညာရေးညွှန်ကြားရေးရုံးထံသို့လည်း ထပ်ဆင့်တင်ပြခဲ့ပြီးဖြစ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာရေးနှစ်မှစ၍ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် အင်းကန်ကျေးရွာအုပ်စု အင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ပညာရေးနှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးမည်ကို သိလိုပါကြောင်း ဒေသခံပြည်သူလူထုအကျိုးစီးပွားအတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ တတိယမေးခွန်း ဖြစ်တဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဗိုလ်မှူးအောင်သွင်စိုးရဲ့ မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာအုပ်စု၊ အင်းကန်ကျေးရွာအခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် လာမည့် ၂၀၁၅-၂၀၁၆ ပညာရေးနှစ်မှ စ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ပညာရေးနှစ်မှာ ကျောင်း အဆင့်တိုးမြှင့်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အင်းကန်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ စုစုပေါင်း အထက်တန်းအဆင့် သင်ကျောင်းသား ၇၈ ဦးကြောင်းစိစစ်တွေ့ရှိရပါတယ်။ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် အထက်တန်းအဆင့်သင်ကျောင်းသား ၂၀၀ ဦးနှင့်အထက် ရှိရမည်ဖြစ် ပါတဲ့အတွက် သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အဆင့် တိုးမြှင့်ပေးနိုင်ခြင်း မရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တင်သွင်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို အင်္ဂလိပ် ကိုလိုနီလက်ထပ် ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထိုအချိန်က ရုံးသုံးဘာသာစကား ဖြစ်တဲ့ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီအက်ဥပဒေမှာ အခန်းပေါင်း ၉ ခန်း၊ ဥပဒေပုဒ်မပေါင်း ၆၉ ခု ပါဝင်ပါတယ်။ ဒီဥပဒေပါပြဋ္ဌာန်းချက်များအရ ယစ်မျိုးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများအနေနဲ့ ယစ်မျိုးသက်ဝင်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူခြင်းတို့ကို ဆောင်ရွက် ရာမှာ စည်းကမ်းတကျဖြစ်စေဖို့အတွက်ကို စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်နဲ့ တရားမဝင် ယစ်မျိုးထုတ်လုပ်ရောင်းချမှုများကို ဥပဒေနှင့်အညီ အရေးယူရန်ဖြစ်ပါတယ်။ ၎င်းအပြင် တရားဝင် ခွင့်ပြုထားသော ယစ်မျိုးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများထံမှ ယစ်မျိုးလိုင်စင်ခများကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ပြဋ္ဌာန်းထားရှိသော ယစ်မျိုးခွန်ဥပဒေပါသတ်မှတ်ချက်များနှင့်အညီ ကောက်ခံခြင်းဖြင့် နိုင်ငံတော်တွင် အခွန်ဘဏ္ဍာငွေများရရှိနိုင်မှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဌ)ပုဒ်မခွဲငယ် (၁)၊(၂)၊(၃)၊ (၄) ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၀ ပုဒ်မခွဲ (ဆ)နဲ့ ပုဒ်မ ၃၃ မှာ ပြဋ္ဌာန်းချက်များသည် မူးယစ်ဆေးဝါးတွင် အကျုံးဝင်သော ဘိန်းပင်၊ ဆေးခြောက်ပင်များ စိုက်ပျိုးခြင်း၊ စုဆောင်းခြင်း၊ အသားထဲသို့ မူယစ်ဆေးထိုးခြင်းတို့နဲ့ပတ်သက်သော တားမြစ်ချက်နဲ့ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားခြင်းဖြစ်တဲ့အတွက် ယခုအချိန်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိတဲ့အတွက် အဆိုပါပုဒ်မများကို ဖျက်သိမ်းခြင်းလိုခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေတစ်ရပ်လုံးမှာရှိတဲ့ ပုဒ်မများတွင်ပါရှိသော The Excise Commissioner ဆိုတဲ့စကားလုံးကို ယနေ့ခေတ်ကာလ ရာထူးအခေါ်အဝေါ်နှင့် ကိုက်ညီစေရန် The Director General of The General Administration Department ဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒီအက်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(က)(ဂ)တို့မှာပါရှိတဲ့ The Excise Department ဆိုသည့်စကားရပ်ကို ယနေ့ခေတ် ဌာနအခေါ်အဝေါ်နှင့်ကိုက်ညီစေရန် The General Administration Department ဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုခြင်း ဖြစ်ပါ

တယ်။ ဒါ့အပြင် ယင်းအက်ဥပဒေပုဒ်မ ၃၀ နှင့်ပုဒ်မ ၃၁ တို့ပါ ပြဋ္ဌာန်းထားတဲ့ ငွေဒဏ်၊ ထောင်ဒဏ်တို့ကိုလည်း ယနေ့ခေတ်ကာလနှင့်လျော်ညီသော ငွေဒဏ်ဖြစ်စေရန် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက်လည်း ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒီအက်ဥပဒေဟာ အင်္ဂလိပ်ကိုလိုနီလက်ထက် ၁၉၁၇ ခုနှစ်က ပြဋ္ဌာန်းထားသော ဥပဒေဖြစ်ပြီး ယနေ့ခေတ်ကာလနဲ့မကိုက်ညီသော ရာထူးအခေါ်အဝေါ်၊ ဌာနအခေါ်အဝေါ်များပါဝင်နေခြင်း တရားမဝင်ယစ်မျိုး ထုတ်လုပ်မှုရောင်းချမှုများကို ဥပဒေနှင့်အညီ ထိရောက်ဟန့်တားလောက်သော ငွေဒဏ်နှင့်ထောင်ဒဏ်များ ချမှတ်ရန်လိုအပ်ခြင်း၊ မူးယစ်စေတတ်သော ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ အချို့ပုဒ်မများကို ပယ်ဖျက်လိုခြင်းတို့ကြောင့် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်ရခြင်းလည်းဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၃၀-၅-၂၀၁၄ ရက်စွဲဖြင့်ထုတ်ပြန်တဲ့ တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့်အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေဖြင့်ဖော်ပြထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ် ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရပြည်သူ့ လွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးကအထက်ရည်ညွှန်းပါစာဖြင့်ပေးပို့ လာပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ၃၀-၅-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန် သည့် တည်ဆဲဥပဒေများအနက် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန်ဆောင်ရွက်သင့်သည့် ဥပဒေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတွင်မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်ရေးဆွဲသင့် သောဥပဒေအဖြစ်ဖော်ပြထား၍လည်းကောင်း၊ ဥပဒေတွင်ပါရှိသောအသုံးအနှုန်းများနှင့် ပြစ်ဒဏ်များ ကိုခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်လို၍လည်းကောင်း ရည်ရွယ်၍ တင်သွင်းရခြင်းဖြစ် ကြောင်းတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၅-၆-၂၀၁၅ ရက်နေ့နှင့် ၇-၆-၂၀၁၅ ရက်နေ့ တွင် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီးပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီလေ့လာစိစစ်ခဲ့ကြရာအဆိုပြုချက်တွင် ဖော်ပြထားသည့်ပြစ်ဒဏ် များသည် အခြေခံပြည်သူများအတွက် အခက်အခဲဖြစ်စေနိုင်သည့် ပြစ်ဒဏ်များဖြစ်ခြင်း၊ မူလဥပဒေ အခန်း(၇)ပါ ကျန်ရှိသည့် ပုဒ်မများတွင် ပါရှိသောပြစ်ဒဏ်များကိုလည်းလိုအပ်ခြင်းတို့ကြောင့် ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၄။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာအောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် ပုဒ်မပေါင်း (၆) ခုပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးတွင် ပါရှိသည့် မူကြမ်း စကားရပ်ကိုပယ်ဖျက်ပါသည်။

**မူကြမ်း**

( ဂ) အပိုဒ် ၂ ရှိ ပုဒ်မ ၁၁၊ ၁၃၊ ၃၀ ပုဒ်မခွဲ(ဆ) စကားရပ်ကို ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၀ ပုဒ်မခွဲ (ဆ) ဟုပြင်ဆင်ပါသည်။

(ဃ) ဤဥပဒေရှိ ပါရှိသည့် စကားရပ်များကို ပါရှိသော ဟုလည်းကောင်း၊ ဟူသည့် စကားရပ်များကို ဆိုသည့် ဟုလည်းကောင်းအသီးသီးပြင်ဆင်ပါသည်။

( င) အပိုဒ် ၄ ရှိ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ဂ) စကားရပ်ကို ပုဒ်မ ၆ ပုဒ်မခွဲ (က) နှင့် (ဂ) ဟုပြင်ဆင်ပါသည်။

( စ) အပိုဒ် ၅ ရှိ six months စကားရပ်ကို three months ဟုလည်းကောင်း၊ two years စကားရပ်ကို six months ဟုလည်းကောင်း၊ one million စကားရပ်ကို one-hundred thousand ဟုလည်းကောင်း၊ two million စကားရပ်ကို two-hundred thousand ဟုလည်းကောင်းအသီးသီးပြင်ဆင် ပါသည်။

(ဆ) အပိုဒ် ၆ ရှိ one year စကားရပ်ကို six months ဟုလည်းကောင်း၊ three years and စကားရပ်ကို one years or ဟုလည်းကောင်း၊ two million စကားရပ်ကို two-hundred thousand ဟုလည်းကောင်း၊ three million စကားရပ်ကို four-hundred thousand ဟုလည်းကောင်းအသီးသီးပြင်ဆင်ပါသည်။

( ဇ) အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ၊ အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ တို့အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည် -

၇။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both ဆိုသည့် စကားရပ်ကို shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both. ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

မူကြမ်း

၈။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော shall be punishable with imprisonment for a term which may extend to six months, or with fine which may extend to one thousand kyats, or with both ဆိုသည့် စကားရပ်ကို shall be punishable with imprisonment for a term from a minimum of three months to a maximum of six months, or shall be liable to fine with a minimum of one-hundred thousand kyats to a maximum of two-hundred thousand kyats, or with both ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၁)တွင်ပါရှိသော or of selling or administering any intoxicating drug or knowingly permits any place owned or occupied by him or under his control to be kept or used for such purposes ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(၁)တွင်ပါရှိသော shall be punishable with imprisonment for a term which may extend to one year, or with fine which may extend to two thousand kyats or with both. ဆိုသည့် စကားရပ်ကို shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both. ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(က) နှင့် (ဂ) တို့တွင် ပါရှိသော or of selling or administering any intoxicating drug ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၉ တွင်ပါရှိသော shall be punishable with fine which may extend to two hundred kyats ဆိုသည့် စကားရပ်ကို

shall be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၀ အပိုဒ်ခွဲ (၁) တွင်ပါရှိသော may be liable by punishable with fine which may extend to five hundred kyats. ဆိုသည့်စကားရပ်ကို may be liable be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats. ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၁ တွင်ပါရှိသော he shall be punishable in case (a) with fine which may extend to two hundred kyats, and in case (b) or case (c)with fine which may extend to five hundred kyats. ဆိုသည့် စကားရပ်ကို he shall be punishable in case (a) with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats, and in case (b) or case (c)with fine a minimum of fifty thousand kyats to a maximum of one-hundred thousand kyats. ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)တွင်ပါရှိသော or any apparatus for administering any intoxicating drugဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဥပဒေကြမ်းကော်မတီ။

**မူကြမ်း**

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်အချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၁၂-၆-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၂) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။**

**ဒုတိယဥက္ကဋ္ဌ** ။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁) ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၂) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်ပြီးဆုံးကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ ကို ၁၀ း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**